ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာအမှတ် ၁၀၂ /၂၀၂၀**

၁၃၈၂ ခုနှစ် ၊ တော်သလင်းလဆန်း ၁၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက် )

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အခွန်အခ ပေးသွင်းရမည့်သစ်အမျိုးအစားများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ အခွန်အခပေးသွင်းရမည့် သစ်အမျိုးအစားများ သတ်မှတ်ကြေညာခြင်း

၁။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ပုဒ်မခွဲ (က) ဇယား (၅) အပိုဒ် ၁၂ အပိုဒ်ခွဲ ငယ်(က)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၅။ ) ပုဒ်မ ၃ ဇယား (၅) အပိုဒ် ၃၂ တို့အရ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့်အုပ်စု(၁) အမျိုးအစားတွင်ပါဝင်သော သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သဃ်န်းနက်၊ တမလန်းမှအပ ကျန် သစ်အမျိုးအစားများကို တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရက အခွန်အခကောက်ခံရမည့် သစ်အမျိုးအစားများအဖြစ် သတ်မှတ်ကြောင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြင်ဆင်သည့် ဥပဒေများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သစ်တောများမှ ထုတ်ယူသည့် ကျွန်းနှင့် သစ်မာအုပ်စု(၁) အမျိုးအစားတွင် ပါဝင်သော သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သဃ်န်းနက်၊ တမလန်း သစ်များအတွက် ကောက်ခံရရှိမည့်အခွန်ငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့လည်းကောင်း၊ ကျန်သစ်အမျိုးအစားများအတွက် ကောက်ခံရရှိမည့်အခွန်ငွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့လည်းကောင်း၊ **၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်**နေ့မှစ၍ ပေးသွင်းရန် သတ်မှတ်ကြေညာလိုက်သည်။

၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၁၄-၃-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၇/၂၀၁၃ အား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

( ပုံ ) အုန်းဝင်း

ပြည်ထောင်စုဝန်ကြီး

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စာအမှတ်၊(သစ်တော)၃(၁)/၀၆(ခ)/(၄၇၄၀ /၂၀၂၀)

ရက် စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

နေပြည်တော်ကောင်စီ၊ .....................................တိုင်းဒေသကြီး / ပြည်နယ် ဝန်ကြီးချုပ်

ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြေတိုင်းဦးစီးဌာန

ပါမောက္ခချုပ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်

ညွှန်ကြားရေးမှူး၊ပြည်ထောင်စုနယ်မြေ..........................................တိုင်းဒေသကြီး/ပြည်နယ်

သစ်တောဦးစီးဌာန

ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံသစ်တောကျောင်း၊ ပြင်ဦးလွင်မြို့

ကျောင်းအုပ်ကြီး၊ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာန (မှော်ဘီ/ပုသိမ်ကြီး)

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

(မြန်မာနိုင်ငံပြန်တမ်း အပိုင်း(၁)တွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် အပိုမိတ္တူ (၃) စောင်နှင့်အတူ ပူးတွဲပေးပို့ပါသည်)

ရုံးလက်ခံ၊ မျှောစာတွဲ၊ အမှုတွဲချုပ်

အမိန့်အရ

( ခင်မောင်ရီ )

အမြဲတမ်းအတွင်းဝန်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန